ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ စနေနေ့၊ (8-10-2011) (၆၉၀၆)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် နှစ်နိုင်ငံအကျိုးတူစီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

### လမ်းအသုံးပြုခ ကောက်ခံနှုန်းသစ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်း

"အောက်တိုဘာ ၁ ရက်မှစ၍ နှုန်းထားသစ်များ အတိုင်း လမ်း/တံတား ဖြတ်သန်းခများကို ကောက်ခံ၊ ချိုသာယဉ်ကျေးစွာ ဆက်ဆံ"

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀

### Myanmar ICT Award 2011 ပြိုင်ပွဲဝင်များ ရွေးချယ်မည်

"Project များအား အောက်တိုဘာ ၁၅ ရက်တွင် အပြီးသတ် ရွေးချယ်မည်ဖြစ်ရာ ပဏာမရွေးချယ်ခြင်း ခံရသော ပြိုင်ပွဲဝင်များကိုယ်တိုင် Presentation ပြုလုပ်ကြရမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

### ပထမအကြိမ် နေပြည်တော် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပမည်

"မီနီမာရသွန် (ကီလိုမီတာ ၂၀) ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ဆုကြေးများ ထိုက်တန်စွာ ချီးမြှင့်သွားမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၃

ကြေးမုံ The Mirror

၈-၁၀-၂၀၁၁
(စနေနေ့)

# ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဖြင့် သင်ကြား

ပညာခေတ်တွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားတိုးတက်လာအောင် ကြံဆောင်နေကြရပြီ။ နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေး ဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်နေပြီ။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြပြီ။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍတွင် ကျောင်းပေါင်းလေးသောင်းကျော် ဖွင့်လှစ်ထားပြီ။ ဆရာ၊ ဆရာမနှစ်သိန်းကျော်က ကျောင်းသား၊ ကျောင်းသူ ရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနေကြပြီ။ ဆရာ၊ ဆရာမများက ကလေးများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းပေးနိုင်မှု စသည့် အရည်အသွေးများ တိုးတက်လာအောင် **ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု** ပုံစံဖြင့် လေ့ကျင့်သင်ကြားပေးကြရန် လိုအပ်သည်။

ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားရာတွင် စာပေပညာထူးချွန်ထက်မြက်ရေးကို အဓိကထား သင်ကြားကြသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ လေ့ကျင့်သင်ကြားပေးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေးတို့ကိုလည်း အလေးထားသင်ကြားကြရပေမည်။ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာရေး၊ ပညာပြည့်ဝ နှလုံးလှသူများ၊ လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သူများ ဖြစ်ထွန်းစေရေးတို့ကိုလည်း ဂရုတစိုက် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများသည် လူငယ်များ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး ပုံဖော်တည်ဆောက်နေကြသည့်ဥယျာဉ်မှူးများ ဖြစ်သည်။ စာပေသင်ကြားပို့ချနေသူ ဆရာများကိုယ်တိုင်ကလည်း မိမိတို့၏ သင်ကြားမှုအရည်အသွေးများ ထာဝစဉ် ရှင်သန်မြင့်မားထက်မြက်နေရေး အားထုတ်ကြရန် လိုအပ်မည်ဖြစ်သည်။ အခြေခံပညာကဏ္ဍ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာနှင့် ပညာရေးဘွဲ့သင်တန်း၊ လုပ်ငန်းခွင် ဆရာ၊ ဆရာမများအတွက် ပညာရေးဘွဲ့သင်တန်းနှင့် ဆရာအတတ်ပညာသင်တန်း၊ ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ဆရာများအတွက် အထောက်အကူဖြစ်စေသည်။

ဆရာ၊ ဆရာမများအနေဖြင့် ဆရာ့ကျင့်ဝတ်(၅)ပါးနှင့်အညီ ဆရာ့သိက္ခာ၊ ဆရာ့ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံနေစေရေး ကျင့်ကြံအားထုတ်ကြရပေမည်။ မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသအလိုက် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာအရင်းခံဖြင့် တာဝန်ကျေအောင် ဆောင်ရွက်ကြရပေမည်။ လုပ်ငန်းတိုင်းတွင် ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝ စိုက်ထုတ်၍ ကြိုးပမ်းနေကြရမည်ဖြစ်သည်။

ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မား နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာရေး စွမ်းအားစိုက်ထုတ် လေ့ကျင့်သင်ကြားပေးရေး၊ ပညာရေးစေတနာရှင် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၇**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ LARGO GROUP OF COMPANIES မှ CEO Mr. Oleg Skorik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ LARGO GROUP OF COMPANIES မှ CEO Mr. Oleg Skorik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၈-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၃၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၄၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |
| ၈း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၁၀ | ၁။ | နိုင်ငံတော်သီချင်း |
| ၁၁း၁၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၂၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၅ | ၄။ | ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၉) |
| ၁၂း၀၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း -ရင်မှာသည်လောက်ချစ်ပါသည် (မြင့်မြတ်၊ မိုးဟေကိုနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ကျော်ဇောလင်း)** |
| ၂း၀၀ | ၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၂)** |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၆ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၀ | ၆။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၅၀ | ၇။ | ကုန်သွယ်သုတ |
| ၅း၀၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၀ | ၉။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၂။ | စားဖိုဆောင်ချစ်သူ |
| ၆း၄၀ | ၁၃။ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၄)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | လူရွှင်တော်စတား |
| | ၂၀။ | မှတ်တမ်း |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂၃)** |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၈၄)** |

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၆ ရက်တွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကျင်းပမည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ အကပြိုင်ပွဲ၊ ရုပ်သေးပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲနှင့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲများကျင်းပမည့် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိစစ်ဆေးရာ ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးထွန်းဝေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အတီးပြိုင်ပွဲနှင့် အဆိုပြိုင်ပွဲကျင်းပမည့် သစ်တောသုတေသနဌာန၊ အတီးပြိုင်ပွဲ (စန္ဒရား၊ မယ်ဒလင်) ကျင်းပမည့် သစ်တောတက္ကသိုလ်နှင့် အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲနှင့် အတီးပြိုင်ပွဲ(တယော)ကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ်တို့၏ ပြင်ဆင်ထားရှိမှုများ၊ အရေးပြိုင်ပွဲ၊ အတီးပြိုင်ပွဲမှ (ဆိုင်းအဖွဲ့လိုက်၊ စောင်း)ပြိုင်ပွဲ၊ (အိုးစည်၊ ဒိုးပတ်၊ နှဲ၊ ဒုံမင်း) ပြိုင်ပွဲများ ကျင်းပမည့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတွင် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းများ၏ အချောသပ်လုပ်ငန်းများ စနစ်တကျဖြစ်ရေး၊ မြန်မာမှု အပြင်အဆင်များ ခံ့ညားထည်ဝါရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် မြန်မာ့ရိုးရာဓလေ့ မြန်မာမှု မြန်မာ့ဟန်များ ပေါ်လွင်ထင်ရှားစေရေးတို့ကို အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြည့်စုံသော အရည်အသွေးကောင်းသည့် ပြင်ဆင်မှုလုပ်ငန်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ပြိုင်ပွဲအခမ်းအနားကျင်းပမည့် နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၇၁၀ | ၀. ၀၃၂၃၉ |
| တရုတ် (ယွမ်) | ၆. ၃၇၉၃၆ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၁၅၅၀ | ၀. ၀၂၀၃၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၈၅၀ | ၀. ၃၁၆၆၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၉၄၉ | ၀. ၇၇၅၅၀ |
| ဂျပန် (ယန်း) | ၇၆. ၈၂၂၃ | ၀. ၀၁၃၀၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၅. ၈၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၂၄၇ | ၁. ၃၄၆၈၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၂၈၃ | ၁. ၅၅၅၆၁ |

***အင်တာနက်။***

# ကျောက်ဆည်ခရိုင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

ကျောက်ဆည်အသင်း (ရန်ကုန်)က နှစ်စဉ်ကျင်းပသော ကျောက်ဆည်ခရိုင်လေးမြို့နယ် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ မြို့တော်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနှင့် တံတားဦးမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများထံ ဖိတ်ကြားထားကြောင်း၊ ကျောက်ဆည်အသင်း(ရန်ကုန်)မှ လိုက်ပါကြမည့် အသင်းအမှုဆောင်များ၊ ရန်ကုန်ရောက် လေးမြို့နယ်မှ အသင်းဝင်များသည် ရွှေမန်းသူကားဂိတ် ပါရမီလမ်း တောင်ဥက္ကလာပသို့ အောက်တိုဘာ ၈ ရက် (စနေနေ့) ညနေ ၅ နာရီ ကားအမီ လာရောက်ကြရန်နှင့် ကျောက်ဆည်အသင်း(ရန်ကုန်) ဖုန်း-၀၁-၅၅၄၇၇၃၆ နှင့် ရွှေမန်းသူကားဂိတ် ဖုန်း-၀၁-၅၆၃၃၀၃ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (Myanmar Institute of Economic Graduates Association) (MIEGA) သည် (၄၇)နှစ်မြောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပုံမှန်အစည်းအဝေးများကို လစဉ် ဒုတိယအပတ်၌ ကျင်းပခဲ့ရာ ယခုလ အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကမာရွတ်နယ်မြေ၌ ကျင်းပမည်ဖြစ်ရာ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများထည့်ဝင်လိုပါက ဘဏ်(၃)Current Account ငွေစာရင်းအမှတ် CS000056 သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Espen Barth Eide ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Espen Barth Eide ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး Mrs. Katja Christina Nordgaard နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၈-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ "သုတရောင်စုံပန်းခင်း"
- ၈း၀၅ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၃၀ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
- ၁း၄၅ ၆။ **"နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၁၂)**
- ၂း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၃၅ ၈။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ "လှပစုံလင်အာဆီယံတစ်ခွင်"
- ၅း၁၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅း၃၀ ၉။ "ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာဝတီ)"
- ၅း၄၅ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (ဆုပြည့်မှူးအိမ်)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၂၁)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၅၅)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၁၅)**
- ၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၃။ အစီအစဉ်ပြီး၏။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေး ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H. E. Mr. Espen Barth Eide နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)



# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် အောက်တိုဘာ ၃ ရက်တွင် ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ အရှည်ပေ ၁၄၉၀ ရှိ ရေပြာတံတားသို့ရောက်ရှိပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော အရှည်ပေ ၃၀၀ ရှိ ချဉ်းကပ်လမ်းကို ကြည့်ရှုစစ်ဆေး၍ ပေါက်-ကျောက်ထု-ထီးလင်း-ဂန့်ဂေါကားလမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၄ ရက်တွင် ဂန့်ဂေါခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး ဆေးရုံခွဲစိတ်ခန်းနှင့် လူနာဆောင်တိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**မှာကြား**

ထို့နောက် ဂန့်ဂေါမြို့ရှိ မြစ်သာမြစ်ကူးကြိုးတံတားကို ကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ မိုးစပါး လျာထားချက်အတိုင်း အချိန်မီစိုက်ပျိုးနိုင်ရေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရည်မှန်းချက်၊ မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်ပါ အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဂန့်ဂေါမြို့နယ် စိုင်ဒူးရွာမကွင်းဧက ၅၀ ၌ စိုက်ပျိုးထားသော မနောသုခ မိုးစပါးစိုက်ခင်းအတွင်း စုပေါင်းဓာတ်မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဂန့်ဂေါမြို့ အစိုးရနည်းပညာကောလိပ် စာသင်ဆောင်များ အခြေအနေ၊ ဂန့်ဂေါ-ကလေး ကားလမ်းပေါ်ရှိ အရှည်ပေ ၁၂၀ ရှိ ထယ်လှော်တံတား အောက်ခံတိုင်များ လဲလှယ်မှုနှင့် ဂန့်ဂေါ-ကလေး ကားလမ်းအရှည် ၂၇ မိုင် ၆ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းအထူးအဖွဲ့(၁၁)က အထူးပြင်ဆင် ထိန်းသိမ်းခြင်းအနေဖြင့် အကျယ် ၁၄ ပေ၊ ဒုခြောက်လက်မ၊ လမ်းပခုံးတစ်ဖက်လျှင် သုံးပေရှိ ကျောက်ချောစီခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဂန့်ဂေါမြို့နယ် ကန်ရွာတိုက်နယ်ဆေးရုံ၊ တောင်ခင်ရမ်းဆည်ရေသောက် ရွှေဘိုကျေးရွာမှ မနောသုခစပါး စံပြ ၁၀ ဧက စိုက်ကွက်နှင့် တောင်ခင်ရမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၅ ရက်တွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံပြီး ထီးလင်းမြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ကျောက်ထုမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မြို့နယ်ခွဲမှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကျောက်ထုမြို့နယ်ခွဲ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထီးလင်း-ကျောက်ထု ကားလမ်းရှိ ကန်ကြီးတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဆောချောင်းတံတားကြံခိုင်မှု၊ ဆော-ကန်ဇွန်းမ-ဆိပ်ဖြူကားလမ်းတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးရာသီတွင် ပျက်စီးသွားသော ကားလမ်းများကို စံချိန်စံညွှန်းမီစွာ အချိန်မီ ပြုပြင်ပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Champion Challenge Cup ပြိုင်ပွဲ အထူးအစီအစဉ် ပထမအကြိမ် နေပြည်တော် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ပထမအကြိမ် နေပြည်တော် မီနီမာရသွန် (ကီလိုမီတာ ၂၀) ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကာ ဆုကြေးများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားအလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)နှင့်အောက် ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)နှင့် အောက်ပြိုင်ပွဲများဖြစ်ပြီး ပြိုင်ပွဲလေးမျိုးစလုံးအတွက် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်း၊ စတုတ္ထဆု ငွေကျပ်နှစ်သိန်းနှင့် ပဉ္စမဆု ငွေကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး အမှတ်စဉ်(၆)မှ (၁၀) အထိ ပန်းဝင်သူများအား နှစ်သိမ့်ဆုအဖြစ် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှ တစ်ဆင့် အောက်တိုဘာ ၁၅ ရက် အရောက် အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်လူကြီးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်လူကြီးသင်တန်း (International ARBITERS Seminar) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ပုလဲခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို အာရှစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ IA Castro Abundo က လာရောက်ပို့ချခြင်းဖြစ်ပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌကလည်း ပူးတွဲ၍ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ အောက်တိုဘာ ၁၀ ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**လက်ခံတွေ့ဆုံ**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# သီးပွံနည်းကျ စိုက်နည်းစနစ်ကို လယ်သမားများကျွမ်းကျင်ရေး ပညာပေး ဒေသတွင်းရှိ လယ်မဲ့၊ ယာမဲ့များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ စက်မှုလယ်ယာစံပြ ဧက ၅၀၀ စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက်တမ်း ရက် ၂၀ ရှိ စပါးပင်များအား ချက်ချင်းနုတ်၊ ချက်ချင်းစိုက်၊ သီးပွံနည်းကျ (GAP) စနစ်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သီးပွံနည်းကျ စိုက်နည်းစနစ်ကို လယ်သမားများ ကျွမ်းကျင်ပိုင်နိုင်စွာ ကြိုးပမ်းဆောင်ရွက်လာရေး၊ နည်းပညာပေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရေး၊ ဒေသတွင်းရှိ လယ်မဲ့၊ ယာမဲ့များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် ဆန်စပါးသီးနှံမှ တောင်သူလယ်သမားများ ဝင်ငွေတွက်ခြေကိုက်စေရန် အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သီးပွံနည်းကျစိုက်နည်းစနစ်ဖြင့် တောင်သူများ ပါဝင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ချိုင်းကျေးရွာအနီး ဘိုနီကြီးကွင်း၌ ခေတ်မီဟက်တာကွက်များဖြင့် စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်၍ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးထားသည့် ၂၇ ရက်သက်တမ်းရှိ စပါးစိုက်ခင်းများကို လည်းကောင်း၊ ချိုင်းကျေးရွာ တောင်သူပညာပေး အထူးအထွက်တိုးစပါးစိုက်ခင်း ဧက ၄၀ ၌ ၈၇ ရက်သက်တမ်းရှိ အောင်နှံများ စုံညီစွာ ထွက်ရှိနေပြီဖြစ်သော မိုးစပါးစိုက်ခင်းကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ တောင်သူပညာပေး အထူးအထွက်တိုး ၁၀ ဧကစိုက်ခင်း၌ တောင်သူ ဦးလှစိုး၏ သီးပွံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးစိုက်ခင်း ရက်သား ၇၀ မှ အောင်နှံများ စတင်ထွက်ရှိနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် ချိုင်းကျေးရွာ တောင်သူပညာပေး အထူးအထွက်တိုး စပါးစိုက်ခင်း ဧက ၄၀ ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၇**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ၁၃၇၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃၊ ၁၄ ရက်နှင့် ပြာသိုလဆန်း ၁ ရက် (၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃၊ ၂၄ နှင့် ၂၅ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရ ပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

**ဖြေဆိုခွင့်**

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဘားအံမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၈ လက်မ၊ ကျောက်ဖြူမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ လျှပ်စစ်ဂဟေသင်တန်းနှင့် အခြေခံစက်ပြင်သင်တန်း အမှတ်စဉ် (၁) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

**တက်ရောက်ခဲ့**

သင်တန်းသို့ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ဒေသခံများ တက်ရောက်ခဲ့ကြပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းသို့ သင်တန်းသား ၂၀၊ လျှပ်စစ်ဂဟေသင်တန်းသို့ သင်တန်းသား ၂၀ နှင့် အခြေခံစက်ပြင်သင်တန်းသို့ သင်တန်းသား ၂၀ စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်း၊ လျှပ်စစ်ဂဟေသင်တန်းနှင့် အခြေခံစက်ပြင်သင်တန်း အမှတ်စဉ် (၁) ဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

☆ **ကျောဖုံးမှ**

အခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများကို ခုံရုံးအမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၁) ဖြင့် ၂၈-၆-၂၀၁၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ နှင့် ၃၁၇ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာမြို့နယ်ခွဲများတွင် ဖြစ်ပွားသော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ ခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်သဘောထားများရယူရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅(င)နှင့်အညီ ခုံရုံးသို့ တင်သွင်းလွှာပေးပို့ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးသည် ပြည်ထောင်စုတရားသူကြီးချုပ်က တင်သွင်းလာသည့် တင်သွင်းလွှာအမှတ်(၁/၂၀၁၁)အပေါ် ၁-၇-၂၀၁၁ ရက်တွင် နှစ်ဖက်ကြားနာခဲ့ပြီး ၁၄-၇-၂၀၁၁ ရက်တွင် ခုံရုံးကအပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို ၁၂-၈-၂၀၁၁ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အတွဲ(၆၄)၊ အမှတ်စဉ်(၃၂)၊ အပိုင်း (၁)တွင် ဖော်ပြပြီးဖြစ်ပါကြောင်း။

**ခုံရုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂ပါ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး/ခုံရုံးတို့၏ လုပ်ငန်းများကို သုတေသနပြုလေ့လာခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအတွေ့အကြုံ၊ ဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု သဘောတရားများ တိုးပွားလာစေရန်အတွက်လည်းကောင်း၊**



**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီးဦးဇော်မင်း မေး မြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏လုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း အစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊** ခုံရုံးရှိ အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် သုတေသနပြုဆောင်ရွက်စေခဲ့ရာ ၁၉-၅-၂၀၁၁ ရက်မှစ၍ ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ် သုတေသနပြုစာတမ်းများဖတ်ကြားဆွေးနွေးကြပါကြောင်း၊ ယခုအချိန်အထိ နိုင်ငံပေါင်း(၁၉)နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး/ခုံရုံးတို့၏ လုပ်ငန်းများကို ဖတ်ကြားဆွေးနွေးပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဝန်ကြီးဌာနအသီးသီးများနှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို လေ့လာလျက်ရှိပါကြောင်း၊ သို့ရာတွင် ယင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ ဆုံးဖြတ်ခြင်း၊ သဘောထားပေးခြင်းများကို မိမိသဘောအလျောက် ထုတ်ပြန်နိုင်ခွင့်မရှိပါကြောင်း၊ ခုံရုံး၏အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန်ကိစ္စပေါ်ပေါက်လာပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅နှင့် ခုံရုံးဥပဒေပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ နှင့် ၁၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ ခုံရုံးသို့ တင်သွင်းလွှာများတင်သွင်းလာသည့်အခါမှသာ ကြားနာဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ကို ထမ်းဆောင်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ **တာဆန်းရေကာတာနှင့် ထိုင်းနိုင်ငံမဲခေါင်လျှပ်စစ်လိုင်းကို ဆက်သွယ်မည့် လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်မှုမည်သည့်အခြေအနေ ရောက်ရှိနေသည်၊ မြန်မာနိုင်ငံဘက်မှ ကုန်ကျမည့်စရိတ်မည်မျှရှိသည်၊ ပြည်သူများအပေါ် မည်ကဲ့သို့ အကျိုးရှိနိုင်သည်နှင့် လျှပ်စစ်လိုင်းတည်ဆောက်ခြင်းနှင့် ရေကာတာတည်ဆောက်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ကျေးရွာလူထုအပေါ် ဆိုးကျိုးများရှိလာနိုင်မှု ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက တာဆန်း ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ယခင်ထိုင်းနိုင်ငံမှ MDX ကုမ္ပဏီနှင့် ဆောင်ရွက်ရန် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ချုပ်ဆိုထားသော်လည်း MDX ကုမ္ပဏီသည်စာချုပ်ပါအတိုင်း အကောင်အထည်မဖော်နိုင်သဖြင့် မြန်မာဘက်မှ ၎င်းကုမ္ပဏီအား တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းစီမံကိန်းအစား ပိုမိုသင့်လျော်သောနေရာတွင် အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံကိုယ်စား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်နိုင်ငံ China Three Gorges Corporation၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand(EGAT) လက်အောက်ရှိ EGAT International Co.,Ltd. နှင့် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်သော International Group of Entrepreneurs Co.,Ltd.(IGOEC) တို့သည် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄၂/၂၀၁၀)မှ ခွင့်ပြုချက်အရ စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်/ မဖြစ်နိုင် စူးစမ်းလေ့လာရန်အတွက် နားလည်မှုစာချွန်လွှာအား ၁၀-၁၁-၂၀၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ သဘောတူညီမှုစာချွန်လွှာ၊ နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးရခြင်း မရှိသေးပါကြောင်း၊ သို့ဖြစ်၍ ဦးထွန်းမြင့်ဦး မေးမြန်းသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ စူးစမ်းလေ့လာမှုများ ပြုလုပ်နေဆဲအချိန်သာ ဖြစ်ပါကြောင်းနှင့် မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ခြင်းမရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ **တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေ့ချင်းပြန်ဧည့်သည်များ မူဆယ်၊ နမ့်ခမ်းသို့ လေ့လာရေးခရီး မလာရောက်နိုင်သည်မှာ(၂)နှစ်နီးပါးရှိပြီဖြစ်သဖြင့် တရုတ်နိုင်ငံမှ ဧည့်ကြိုနှင့် ခရီးသွားလာရေးဝန်ကြီးနှင့်ဆွေးနွေးတိုင်ပင်အဖြေရှာပြီး အကောင်အထည်ဖော်ရန်အစီအစဉ်ရှိ/မရှိနှင့် တရုတ်နိုင်ငံမှ ခရီးဝေးဧည့်သည်များ မူဆယ်မြို့ဝင်ပေါက်မှ ၂၀၀၆ ခုနှစ်အစောပိုင်းကာလများအတိုင်း မန္တလေး၊ ရန်ကုန်မြို့များအထိ သွားလာလည်ပတ်ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံဘက်တွင် မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်/ပန်ဆိုင်း၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီး စသည့် ဝင်ပေါက်များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံမှ

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဆိုင်ရာ မေးခွန်း (၂)ခုကို မေးမြန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ဖြေကြားသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **မီးသတ်တပ်ဖွဲ့တွင် ခေတ်မီမီးသတ်ယာဉ်များနှင့် အထပ်မြင့်တိုက်ခန်းများကို မီးငြိမ်းသတ်နိုင်သော အထူးမီးသတ်ယာဉ်များ အလုံအလောက်ရှိ /မရှိ၊ မီးသတ်သင်တန်းကျောင်းမှ ကျွမ်းကျင်သော မီးသတ်သမားများ နှစ်စဉ် အလုံအလောက် မွေးထုတ်ပေးနိုင်ခြင်းရှိ/ မရှိ၊ မီးလောင်မှုဖြစ်ပွားနေစဉ် အမြန်ဆုံး ရေသယ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်တွင် ယခင်ကရှိခဲ့သော အလွယ်တကူရေစုပ်ယူနိုင်သည့် မီးသတ်ပိုက်ခေါင်းများ ပြန်လည်တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိ၊ မီးသတ်ယာဉ်များ အလွယ်တကူရေစုပ်ယူနိုင်ရန်အတွက် အင်းယားကန်၊ ကန်တော်ကြီး စသော ရေကန်ကြီးများ၏ လေးဖက်လေးတန်တွင် မီးသတ်ယာဉ်ရပ်နားရန်နေရာများ သီးခြားလုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ကွက်များတွင် ဂါလန်(၅၀၀၀)မှ ဂါလန်(၁၀၀၀၀)အထိ ရေထည့်နိုင်သော အုတ်ရေကန်များ**



**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် မေး မြန်းချက်များကို ပြန်လည်ဖြေကြား စဉ်။**
(သတင်းစဉ်)

ဧည့်သည်များ နေ့ချင်းပြန်၊ ညဉ့်အိပ်ခရီးစဉ်များဖြင့် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ် စက်တင်ဘာတွင် တစ်ဖက်နိုင်ငံက Border Pass စာအုပ်အသစ် ပြန်လည်ရိုက်နှိပ်ရန်အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံတွင်းနေ့ချင်းပြန်လည်ပတ်မှုကိုရပ်ဆိုင်းခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် နှစ်ဖက်ခရီးသွားလုပ်ငန်းကုမ္ပဏီများအကြား ဖြေရှင်းဆောင်ရွက်စေခြင်း၊ ဒေသအတွင်းခရီးသွားလုပ်ငန်းဌာနအချင်းချင်း ညှိနှိုင်းခြင်းများပြုလုပ်ခဲ့သည့်အပြင် ဘေဂျင်းရှိ တရုတ်အမျိုးသားခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဌာနနှင့်လည်း ဆက်သွယ်မေးမြန်းဆောင်ရွက်ထားရှိပါကြောင်း။

**တရုတ်ဧည့်သည်များအနေဖြင့် Border Pass, Entry Permit တို့ဖြင့် မဝင်ရောက်နိုင်သော်လည်း Passport,Visa ဖြင့် ဝင်ရောက်လည်ပတ်ခွင့်ရှိပါကြောင်း၊ ထိုသို့ဝင်ရောက်လည်ပတ်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်အတွက် မူဆယ်မြို့ရှိ ဝန်ကြီးဌာန၏ မြန်မာ့ခရီးသွားလုပ်ငန်းရုံးတွင် အင်တာနက်လိုင်းတပ်ဆင်ထားပြီး အီးမေးလ်ဖြင့်ပို့ဆောင်လုပ်ကိုင်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ရွှေလီမြို့အနီး လေဆိပ်ရှိသော မန်စီမြို့တွင် ပြည်ဝင်ခွင့်ဗီဇာဝန်ဆောင်မှုရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းကာ အထက်ဌာနသို့တင်ပြဆောင်ရွက်ရန်စီစဉ်လျက်ရှိပါကြောင်း၊** မူဆယ်၊ နမ့်ခမ်းဒေသတွင် Border Pass, Entry Permit တို့ဖြင့် ၁၉၉၂ခုနှစ်မှစ၍ Border Tourism အတွက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ (၁၀)နှစ်အတွင်းတွင် ဧည့်သည်ဝင်ရောက်မှု အထိုက်အလျောက်ရှိသော်လည်း မလိုလားအပ်သောပြဿနာများ ပေါ်ပေါက်ခဲ့သည့်အတွက် သက်ဆိုင်ရာဌာနက Entry Permit ကို ကန့်သတ်လိုက်ရခြင်းဖြစ်ပါကြောင်း။

**ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာမက နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးမျှော်ကိုးပြီး အတ္တပရ မျှတစွာကြိုးပမ်းလုပ်ကိုင်ရန် လိုအပ်သကဲ့သို့ အခြားအဖွဲ့အစည်းများ၏လုပ်ငန်းတာဝန်များကိုလည်း အနှောင့်အယှက်မဖြစ်အောင် ဂရုတစိုက်လုပ်ကိုင်ရန် လိုအပ်ပါကြောင်း၊** မေးခွန်းပထမပိုင်းနှင့် စပ်လျဉ်း၍ တရုတ်အမျိုးသားခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဌာနနှင့်ညှိနှိုင်းလျက်ရှိပါကြောင်းနှင့် မေးခွန်းဒုတိယပိုင်းနှင့် စပ်လျဉ်း၍ **မြန်မာနိုင်ငံက ထုတ်ပေးသည့် Entry Permit ဖြင့် ယခင်အတိုင်း မန္တလေး၊ ရန်ကုန်မြို့များအထိ လာရောက်လည်ပတ်နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

**တည်ဆောက်ပေးထားရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)အပါအဝင် မီးသတ်စခန်း(၄၄)ခု၌ မီးသတ်ယာဉ် (၁၀၇)စီး၊ ရေသယ်ယာဉ် (၁၄)စီး၊ အထောက်အကူပြုယာဉ်အစီး(၅၀) စုစုပေါင်း(၁၇၁)စီးရှိပြီး ယင်းတို့အနက် ခေတ်မီမီးသတ်ယာဉ်များအနေဖြင့် အမြှုပ်ဆေးမီးသတ်ယာဉ်(၄)စီး၊ အသက်ကယ်ယာဉ်(၂)စီး၊ မီးဆလိုက်တင်ယာဉ်(၁)စီး၊ အသက်ရှူကိရိယာတင်ယာဉ်(၁)စီး၊ ရေမှုန်ထုတ်မီးသတ်ယာဉ်(၁)စီး၊ လှေကားတင်ယာဉ်(၇)စီး၊ အမြင့်တင်မီးသတ်ယာဉ်(၁)စီး၊ ရေမျှော်စင်မီးသတ်ယာဉ်(၂)စီး စုစုပေါင်း(၁၉)စီးနှင့် ရေရရှိရေးအထူးယာဉ်အဖြစ် ရေဂါလန်(၈၀၀၀)ဆံ့ မီးသတ်ယာဉ်(၁)စီး၊ ရေဂါလန်(၃၅၀၀)ဆံ့(၂)စီးတို့အား မီးသတ်စခန်း အသီးသီးတွင် ဖြန့်ကြက်တာဝန်ချထားကာ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် **လက်ရှိအနေအထားတွင် ခေတ်မီ မီးသတ်ယာဉ်များနှင့် အထပ်မြင့်တိုက်ခန်းများကို မီးငြိမ်းသတ်နိုင်သော အထူးမီးသတ်ယာဉ်များ လုံလောက်စွာရှိပါကြောင်း။**

မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ လေ့ကျင့်ရေးဌာနစုနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတို့တွင် အခြေခံ၊ မွမ်းမံ၊ တန်းမြင့်နှင့်အဆင့်မြင့်မီးသတ်ပညာသင်တန်းများစသည်ဖြင့် သင်တန်းအမျိုးအစား (၂၃)ခုတို့ကို ပုံမှန်ဖွင့်လှစ်၍ နှစ်စဉ်တပ်ဖွဲ့ဝင်(၂၄၄၂)ဦးအား လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ အလားတူ မြို့နယ်အလိုက် အကြိုအခြေခံမီးသတ်သင်တန်းများဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းများကို ၂၀၀၉ခုနှစ် အောက်တိုဘာမှ ၂၀၁၁ခုနှစ် ဇူလိုင်အထိ နိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ သင်တန်း(၁၃၀၇)ကြိမ်ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၂၈၈၀၄)ဦးတို့အား လေ့ကျင့်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အစီအစဉ် ဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပြည်ပနိုင်ငံ(၁၅)နိုင်ငံသို့ မီးသတ်တပ်ဖွဲ့ဝင် (၁၈၀)အား သင်တန်းစေလွှတ်တက်ရောက်စေခဲ့ပြီး နိုင်ငံတကာမီးသတ်နည်းပညာဆိုင်ရာများကို ပြန်လည်ဆင့်ပွားသင်တန်းပို့ချပေးလျက် ရှိပါကြောင်း၊ ထို့ကြောင့် **မီးသတ်တပ်ဖွဲ့ လုပ်ငန်းများအတွက် ကျွမ်းကျင်သောမီးသတ်သမားများအား နှစ်စဉ် အလုံအလောက် မွေးထုတ်ပေးလျက်ရှိပါကြောင်း။**



**မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး မေးမြန်းစဉ်။**
(သတင်းစဉ်)

မီးလောင်မှုဖြစ်ပေါ်ပါက အလွယ်တကူရေရယူနိုင်ရန်အတွက် ၂၀၁၁ ခုနှစ် ဇူလိုင်မှ စက်တင်ဘာအထိ စာရင်းများအသေးစိတ်ကွင်းဆင်းကောက်ယူရာတွင် **ရန်ကုန်မြို့ပေါ်၌ မီးသတ်ရေငုတ်(၃၉၀)တပ်ဆင်ထားသည့်အနက် ကောင်းမွန်စွာအသုံးပြုနိုင်သည့် မီးသတ်ရေငုတ်(၁၈၃)ခု၊ ရေအားနည်းပြီး အသင့်အတင့်အသုံးပြုနိုင်သည့် မီးသတ်ရေငုတ်(၆၉)ခုနှင့် အသုံးပြု၍မရသည့် မီးသတ်ရေငုတ်(၁၃၈)ခု ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မီးသတ်ရေငုတ်များ စွမ်းအားပြည့်အသုံးပြုနိုင်ရန်အတွက် ပြန်လည်ပြင်ဆင်သွားရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးဖြစ်၍ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။**

မီးသတ်ယာဉ်များ အလွယ်တကူရေစုပ်ယူနိုင်ရန်အတွက် မီးသတ်တိုင်များ၊ မီးသတ်ပိုက်ခေါင်းများအပြင် မြို့နယ်အသီးသီးရှိ ရေတွင်းစက်များ၊ မြေစိုက်ရေကန်များတွင်လည်း အရေးပေါ်မီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာပါက ရေရယူနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိပြီး လက်ရှိအနေဖြင့် မြို့နယ်များရှိ အဝီစိတွင်း ရေစက်များမှ(၅၅)နေရာ၊ ဂါလန်(၃၀၀၀)မှ **စာမျက်နှာ ၆ ကော်လံ ၁ သို့❖**

❖စာမျက်နှာ ၅ မှ

ဂါလန်(၂၀၀၀၀၀)ဆံ့ အုတ်ရေကန်(၂၃)ခု၊ သဘာဝရေကန် (၄၁)ကန်တို့မှ ရေရယူနိုင်ပါကြောင်း၊ ထို့ပြင် ကန်တော်ကြီး၌ မီးသတ်ကား ရေယူနိုင်သည့် နေရာ(၃) နေရာနှင့် အင်းယားကန်၌ မီးသတ်ကားရေယူနိုင်သည့်နေရာ (၃)နေရာရှိပါကြောင်း၊ မီးသတ်ယာဉ်များတွင် ပါရှိသော ရေစုပ်ပိုက်များသည်(၂၈) ပေရှည်သဖြင့် ပိုက်မီသော အခြားနေရာများတွင်လည်း ကန်နံဘေးမှရေစုပ်ယူနိုင်ပါကြောင်း၊ **အင်းယားကန်နှင့် ကန်တော်ကြီးစသော ရေကန်ကြီးများလေးဖက်လေးတန်တွင် မီးသတ်ယာဉ်ရပ်နားရန် နေရာများ ယခုထက် ထပ်မံပြုလုပ်ထားရှိပါက ပိုမိုကောင်းမွန်ပါသဖြင့် သင့်လျော်သော နေရာတွင်ထပ်မံပြုလုပ်သွားရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ **ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင်နေကြရသော ဒုက္ခသည်များသည် မိမိနိုင်ငံအတွင်း အားကိုးရာနားနေစခန်း၊ ထောက်ပံ့ရေးစခန်းများ မရှိခြင်းကြောင့် နယ်စပ်သို့သာ ထွက်ပြေးတိမ်းရှောင်နေကြရပြီး ဒုက္ခသည်များ အတွက် ကြီးမားသော ထပ်ဆင့်ဒုက္ခများ ဖြစ်ပေါ်နေကြောင်းကို ပြည်ပမီဒီယာများက ပုံကြီးချဲ့ထွင် ပြောဆိုနေမှုများရှိရာ မလိုလားအပ်သော ထိခိုက်နစ်နာမှုများ ပိုမိုများပြားလာပါသဖြင့် သဘာဝဘေးဒဏ်အန္တရာယ် ကျရောက်ပြီး အတိဒုက္ခ ရောက်နေကြသော ပြည်သူများကဲ့သို့ ကူညီပံ့ပိုးပေးသည့် လူမှုကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ **သောင်းကျန်းမှုဘေးအပါအဝင် ဘေးအမျိုးမျိုးဖြစ်ပွားပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန သိုလှောင်ရုံများရှိ ကယ်ဆယ်ရေးပစ္စည်းများကို ၎င်းတို့၏စီမံခန့်ခွဲမှုဖြင့် ချက်ချင်းထောက်ပံ့ပေးနိုင်ပြီး ဆန်ဖိုးငွေများကိုလည်း ရက်သတ္တ (၂)ပတ်စာအထိ ထောက်ပံ့ပေးနိုင်ရန် စီမံထားရှိပြီးဖြစ်ပါကြောင်း၊** ထို့ပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ဖြေရှင်းဆောင်ရွက်ရန် အခက်အခဲများရှိ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပါကလည်း ချက်ချင်းပါဝင်ကူညီဆောင်ရွက် ပေးလျက်ရှိပါကြောင်း။

**၂၀၁၁ ခုနှစ် ဇွန်လအတွင်း၌ လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသတွင် တိုက်ပွဲဖြစ်ပွားမှုများကြောင့် ဘေးလွတ်ကင်းရာကျေးရွာများသို့ ခေတ္တတိမ်းရှောင်နေခဲ့ကြသော အိမ်ထောင်စု(၆၂၇)စုမှ လူဦးရေ(၂၇၁၆)ဦးသည် နယ်မြေအေးချမ်း၍ မိမိဒေသသို့ ပြန်လည်ရွှေ့ပြောင်းသည့်အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အခြေခံစားကုန်နှင့်လူသုံးကုန်ပစ္စည်းများထောက်ပံ့ပေးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတူ ကချင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ၎င်းတို့နယ်မြေဒေသအတွင်း လတ်တလော ပဋိပက္ခများကြောင့် နယ်မြေလုံခြုံမှုရှိသောဒေသများသို့ရွှေ့ပြောင်း ရောက်ရှိလာကြသော အိမ်ထောင်စု(၁၃၉၇)စုမှ လူဦးရေ(၅၅၈၀)အတွက် ၂၀၁၁ ခုနှစ် ဇွန်လမှ စက်တင်ဘာအထိ ကယ်ဆယ်ရေးစခန်း(၃၈)ခုဖွင့်လှစ်ပြီး စားသောက် နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများတွင် ထောက်ပံ့ကူညီပေး ခဲ့ပါကြောင်း။**

ပြည်ထောင်စုအစိုးရနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ငွေကျပ် (၃၈၃၁၀၄၀၀)နှင့် ငွေကျပ်(၉၃၇၈၇၈၈၆)တန်ဖိုးရှိပစ္စည်းများကို ပထမအကြိမ်ထောက်ပံ့ ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီးနောက် စက်တင်ဘာ (၂၀)ရက်မှစ၍ WFP က ဆန်၊ ကုလားပဲ၊ ဆီ၊ ဆားတို့ကို ထောက်ပံ့ပေးလျက်ရှိပါ ကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO၊ NGO များကလည်း ရေနှင့်သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစားအစာ၊ အမိုးအကာ အစရှိသည်များကို ကူညီထောက်ပံ့ ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် **သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လတ်တလော ဒုက္ခရောက်နေသော ပြည်သူလူထုအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အတွက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ရန် အကြောင်းမရှိပါ ကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ပင် အားကိုးရာနားနေစခန်း၊ ကယ်ဆယ်ရေးစခန်းများ လိုအပ်သလောက်ဖွင့်လှစ်ပေးနိုင်ပါကြောင်းနှင့် ထောက်ပံ့မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

နာဂစ်မုန်တိုင်း၊ တာလေငလျင်ကဲ့သို့ ပြင်းထန်သောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ် ခဲ့လျှင်လည်း ပြည်ထောင်စုအစိုးရသည် ပြည်သူလူထုအကျိုးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO နှင့် NGO အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအလှူရှင်များပါဝင်လာနိုင်စေရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွား မည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို အောက်တိုဘာ(၁၇)ရက်နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက် တာဝန်ကို အခွင့်ကောင်းယူ၍ လာဘ်ပေးလာဘ်ယူမှုများရှောင်ကြဉ်

နေပြည်တော် အောက်တိုဘာ ၇

**ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ဒို့တာဝန်အရေး(၃)ပါးနှင့် ပြည်ထောင်စု စိတ်ဓာတ်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ တည်ဆောက်ရေးတာဝန်ကြီး(၄)ရပ်ကို အကောင်အထည်ဖော်ရေး၊ မိမိထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များကို အခွင့်ကောင်းယူ၍ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်းများ ရှောင်ကြဉ်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရလက်အောက်ရှိ ပြည်ထောင်စု အဆင့် ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရ လက်အောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လည်းကောင်း ငွေကြေးကိစ္စများကို တာဝန်ယူစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ စနစ်တကျ လုပ်ဆောင်သွားကြရန် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

**၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အစည်းအဝေးသို့ (၉၁)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် ဦးဘရွှေ၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့ကို "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး" ဟူသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၁၀ ပြည့်နှစ် နှစ်(၉၀) ပြည့်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပပြီးစီးမှု အစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက လည်းကောင်း၊ ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမ အကြိမ် အစည်းအဝေးတွင် အမှာ စကားပြောကြားစဉ်။**

(သတင်းစဉ်)

# ယာဉ်မတော်တဆမှုပပျောက်ရေး ရှောင်တခင်စစ်ဆေး

**ကျိုင်းတုံ အောက်တိုဘာ ၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် (ဒုတိယ ညွှန်ကြားရေးမှူး) ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ကွင်းဆင်းစစ်ဆေးကြသည်။**(ယာပုံ)**

(ကညန)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၁၀-၂၀၁၁ (စနေနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊
ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အဘိဓမ္မာနှင့်ဝိပဿနာ"
တရားတော် (သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ)
၆း၃၅ ငြိမ်းချမ်းမှုတို့နှင့်. . . သိမ်ဇရပ်
(ဓမ္မဒူတပရိယတ္တိစာသင်တိုက်)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"နွေးထွေးသောမေတ္တာ"**
**(အပိုင်း-၁၅၀)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၉၂)**
၈း၅၀ 1st MFDG Fashion
Phenomenon (Part-3)
၉း၁၀ သောတာပန်မြေမှ ဓမ္မဒူတ
မောင်မယ်များ၏အောင်ပွဲ
၉း၅၀ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅ မြန်မာစီးပွားစီမံအမှုဆောင်များ
အသင်း (MBE) ၏မူလတန်းလွန်
ကျောင်းဆောင်သစ်ဖွင့်ပွဲ
၁၀း၃၅ သွားမယ်စားမယ်
၁၀း၅၅ ငါးမွေးမြူသူမှန်သမျှ
ထူးသစ်အစာတောင့်သုံးစွဲကြ
၁၁း၁၅ ကြည်လင်ဝင်းပ
သဘာဝဆေးစွမ်းအလှ
၁၁း၃၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၅၅ အနုပညာကြယ်ပွင့်များနှင့်
သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
(ဒေါက်တာခင်သိန်းဦး၊
တင်မိုးလွင်၊ မေသန်းနု၊
ခိုင်သင်းကြည်၊ မေသူ)
၁၂း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း
၁၂း၅၀ Activities In The City
၁း၀၀ "အဘိဓမ္မာနှင့်ဝိပဿနာ"
တရားတော် (သီတဂူဆရာတော်
ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ VJ Choice
၂း၅၅ စာပေမြတ်နိုးသူများအတွက်
TAB BOOK CENTRE
၃း၁၅ ပန်းကလေးများအတွက်
အနာဂတ်ပန်းတိုင်. . . SCBI
၃း၃၅ Kid's Show
၄း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၉၂)**
၅း၀၀ Activities In The City
၅း၂၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"နွေးထွေးသောမေတ္တာ"**
**(အပိုင်း-၁၅၁)**
၇း၃၀ Fashion Week
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဟိုတယ်လမ်းညွှန်
၉း၀၀ ဘာအခက်ဆုံးလဲ
(ဇွန်မိုး၊ လင်းဇာနည်ဇော်)
(ဒါရိုက်တာ-ချောချစ်စံ၊ နိုင်နေသူ)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၉၃)**
၁၀း၂၀ စောင်းဆရာကြီးအင်းလေး
ဦးမြင့်မောင်အားဂုဏ်ပြုသည့်
အနုရသအလင်္ကာ(အပိုင်း-၁)
၁၁း၁၀ World of Knowledge
၁၁း၄၀ Celebrity Profile
၁၂း၂၅ ဧည့်ဝတီရဲ့တေးနရီ
ရသစုံလီရခိုင်စာပီ
၁၂း၄၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၀၅ ချောက်မြို့နှင့် ၄ မိုင်အကွာ. . .
၁း၂၀ နယ်ဉ်ဆန်းထွင်ပန်းအလှဆင်
၁း၄၅ အိုက်ကီဒိုနှင့်သမီးပျို
၂း၀၀ ဒို့တိုင်းဌာနီဧရာဝတီ
၂း၂၅ လှပချစ်စရာလက်မှုအနုပညာ
၂း၅၅ ကဏ္ဍစုံလင်
အားကစားအစီအစဉ်
၃း၅၅ မှော်သော်လည်းလင်းနိုင်စွမ်း
ရှိသူများ
၄း၀၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ
ကြည်ညိုဖူးမြော် ကျိုက်တလန်း
စေတီတော်
၄း၃၀ ဆီထွက်ရတနာ"နေကြာ"စိုက်ပါ
၄း၄၀ "ရွှေရောင်တောက်ပဖို့ မြေတောင်
မြှောက်ကြစို့"တောင်စွန်းမြို့ဦး
ပရဟိတလူငယ်စောင့်ရှောက်ရေး
ဌာန
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

**○ အမျိုးသားလွှတ်တော်မှ**

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် အမှုတွဲတည်ဆောက်ပြီး နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်တောင်းခံတင်ပြဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်သမ္မတရုံးက ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်ခွဲ၊ မြို့နယ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းကို သဘောထားပြန်လည်တင်ပြရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာပေးပို့လာသည့်အခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)က တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သဘောတူညီချက်အစည်းအဝေးမှတ်တမ်း၊ ဝန်ကြီးချုပ်၏ သဘောတူညီကြောင်းထောက်ခံချက်များပါဝင်သည့်အမှုတွဲကို တောင်းခံရယူရပါကြောင်း၊ အဆိုပါအမှုတွဲလက်ခံရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနက တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမည့်ကိစ္စအား ခွင့်ပြုသင့်ကြောင်း သဘောထားနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားရန် အကြောင်းကြားလာသည့်အခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သည် သက်ဆိုင်ရာအထောက်အထားများကို ပြည့်စုံစွာပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ အမှာစာပေးပို့ တင်ပြရမည်ဖြစ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနမှ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်ခွဲ၊ မြို့နယ်များနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူကြောင်းအစည်းအဝေးဆုံးဖြတ်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာသည့်အခါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးသွားရမည်ဖြစ်ပါကြောင်း၊ **ကျိုက္ကော်ကျေးရွာနှင့် သိမ်ဆိပ်ကျေးရွာတို့သည် သထုံမြို့နှင့်(၁၂)မိုင်ခန့်ကွာဝေးပြီး ဘီးလင်းမြို့နယ်နှင့် (၄)မိုင်ခန့်အကွာတွင် တည်ရှိနေသည့်အပြင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည့် ကျေးရွာများဖြစ်သဖြင့် အဆိုပါ ကျေးရွာအုပ်စုများကို စုစည်းပြီး မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်ခြင်း သို့မဟုတ် မြို့အဆင့် သတ်မှတ်ခြင်းများ ဆောင်ရွက်လိုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်နိုင်**ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၏ **"ရန်ကုန်တိုင်းဒေသကြီး တွံတေး-ရေကျော်လမ်း(၇)မိုင်(၆)ဖာလုံနှင့် တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များအထိ စုစုပေါင်း(၁၉)မိုင်(၆)ဖာလုံလမ်းအား ပြည်သူ့ဆောက်လုပ်ရေးလမ်းအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး-ရေကျော်လမ်းနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များသို့ ဆက်သွယ်သည့်လမ်းများသည် တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လမ်းများ ဖြစ်ပါကြောင်း။

တွံတေး-ရေကျော်လမ်းကို ၁၉၉၀-၁၉၉၁ဘဏ္ဍာရေးနှစ်မှစတင်၍ ကျေးရွာလူထုက ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့ပါကြောင်း၊ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှစတင်၍ တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေသားလမ်းအဆင့်၊ ဂဝံလမ်းအဆင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလမ်းတွင်တံတား(၁၀)စင်းရှိပြီး ပြုပြင်ရန်လိုအပ်ချက်မရှိပါကြောင်း။

တွံတေး-ရေကျော်လမ်းနှင့် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်များသို့ ဆက်သွယ်ထားသည့် ရေကျော်-ပုပ္ပား-တော်ခရမ်းလမ်းသည် ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိသည့် လမ်းများဖြစ်ပါကြောင်း၊ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ကျေးရွာလူထုက ကိုယ်ထူကိုယ်ထဆောင်ရွက်ဖောက်လုပ်ခဲ့ပါကြောင်း။

ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကွမ်းခြံကုန်း-မှော်တောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့်လမ်းဖြစ်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တောင်ပိုင်းခရိုင်အင်ဂျင်နီယာမှူးအဖွဲ့နှင့် ကွမ်းခြံကုန်းမြို့နယ် အင်ဂျင်နီယာအဖွဲ့တို့မှ လမ်း-တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း (၄)မိုင် (၃)ဖာလုံကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများဖြစ်သော တွံတေး-ရေကျော်လမ်းနှင့် ရေကျော်-ပုပ္ပား-တော်ခရမ်းလမ်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိန်းသိမ်းရန်အစီအစဉ်မရှိပါကြောင်းနှင့် ကွမ်းခြံကုန်း-မှော်တောလမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ လမ်း-တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၏ **"ထားဝယ်မြို့မှ ရေးမြို့အထိ လည်းကောင်း၊ ထားဝယ်မြို့မှမြိတ်မြို့အထိလည်းကောင်း အသုံးပြုနေသော မော်တော်ကားလမ်းမကြီးအား ပြုပြင်ရန် အစီအစဉ်ရှိ/မရှိ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်း ဂိတ်ကြေးကောက်ခံနေခြင်းကိစ္စနှင့် ထားဝယ်မြို့နှင့် လောင်းလုံမြို့ကို ဆက်သွယ်ထားသော ထားဝယ်မြစ်ပေါ်မှ ကမျောကင်း တံတားကြီး၏ တံတားတိုင်ကြီးများသည် အရှေ့ဘက်ကမ်းရေတိုက်စားလာ၍ အန္တရာယ်ရှိလာနိုင်သည့် ကိစ္စတို့နှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရရှိသည့် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရေး-ထားဝယ်-မြိတ်လမ်းပိုင်းတွင် လမ်း-တံတားတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို မြိတ်ခရိုင် အင်ဂျင်နီယာမှူးအဖွဲ့၊ ထားဝယ်ခရိုင်အင်ဂျင်နီယာမှူးအဖွဲ့နှင့် တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးအဖွဲ့တို့ဖြင့် ထားဝယ်-ရေးလမ်းပိုင်းရှိ တံတားအမှတ် (၄/၇၀) လော့သိုင်း တံတားနှင့် တံတားအမှတ်(၁/၁၃)ကျောက်ကညာတံတားတို့အား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်း၊ ထားဝယ်-မြိတ် လမ်းပိုင်းတွင် (၃၄)ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ ကတ္တရာလမ်းချိုင့်ပေါက်များအား လမ်းအနိမ့်အမြင့်ဖြေညှိ၍ရေပိတ်လွှာလောင်းခြင်း၊ ပျက်စီးနေသော ကတ္တရာလမ်းပိုင်းအား ထပ်ပိုးလွှာတင် ကတ္တရာခင်းခြင်း၊ တံတားအမှတ်(၁/၁၁၁)တိုတံတား၊ တံတားအမှတ် (၂/၆၁) တံခွန်တိုင်တံတား၊ တံတားအမှတ်(၂/၆၃)နှင့် တံတားအမှတ်(၉/၅၁) သင်ပုန်းချောင်းတံတားတို့အား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ထားဝယ်-ရေး လမ်းပိုင်းနှင့် ထားဝယ်-မြိတ်လမ်းပိုင်းတို့တွင် လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ လမ်းချိုင့်များအား ကျောက်ကတ္တရာလောင်းခြင်း၊ ကျောက်၊ ဂဝံတို့ဖြင့် ချိုင့်ပေါက်များ ဖာထေးပြုပြင်ခြင်း၊ မြင့်တက်နေသော လမ်းပခုံးများအား မြေညှိစက်ဖြင့်ညှိခင်းခြင်း၊ သစ်သားတံတားများ၏ ရက်မ၊ ကြမ်းခင်းနှင့် ဘီးလမ်းများပြင်ဆင်ခြင်း၊ တံတားရေထုတ်ပြွန်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်း ရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံပြီး လမ်း-တံတား ပြုပြင်ခြင်းလုပ်ငန်းများကို တိုးချဲ့၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအုန်း မေးမြန်းစဉ်။ (သတင်းစဉ်)

**တနင်္သာရီတိုင်း ဒေသကြီးအတွင်း လမ်း-တံတား အသုံးပြုခ ကောက်ခံရေးစခန်း (၁၀)ခုကို ၂၀၁၁ ခုနှစ် မတ်လတွင် လေလံအောင်မြင်သူများအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ခွင့်ပြုနှုန်းထားများအတိုင်း ကောက်ခံခွင့်ပြုထားပါကြောင်း၊ သတ်မှတ်နှုန်းထားထက် ကျော်လွန်ကောက်ခံပါက သက်ဆိုင်ရာ ဒေသအာဏာပိုင်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က စိစစ်၍ လေလံစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ အတိုင်း အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိ**ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်-လောင်းလုံလမ်းပေါ်ရှိ ထားဝယ်မြို့နှင့် လောင်းလုံမြို့ကို ဆက်သွယ်ထားသော အရှည်ပေ(၁၁၀၀) ရှိ ကမျောကင်းတံတားအား ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုအခါ ထားဝယ်ဘက်ကမ်း (ရေဆန်ဘက်) တံတားမှ (၃)ဖာလုံခန့်အကွာ ကူးတို့ဆိပ်အနီးတွင် ရေတိုက်စားမှုရှိလာခြင်းကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အထိ ကျောက်စီရေကာတန်းများ (၃)ကြိမ်ရိုက်၍ မြစ်ကမ်းပါးရေတိုက်စားမှုကို ထိန်းသိမ်းခဲ့ပါကြောင်း၊ ကမျောကင်းတံတား၏ လက်ရှိအခြေအနေမှာ စိုးရိမ်စရာမရှိပါကြောင်းနှင့် တံတားရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြစ်ကမ်းပါးရေတိုက်စားမှု ထိန်းသိမ်းရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **"ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့တွင် မီတာ(၄၀၀)ပြေးလမ်းပါ အားကစားကွင်း ပြန်လည်ပြုပြင်ရန်နှင့် မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကျော်က အားကစားဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ပြီးအားကစားကွင်း၊ အားကစားခန်းမများ ရေရှည်တည်တံ့အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်အပြင် အားကစားကွင်း၊ အားကစားခန်းမ မရှိသေးသော ခရိုင်/မြို့နယ်များတွင် အားကစားကွင်း၊ အားကစားခန်းမအသစ်များ ဆောက်လုပ်ပေးရန် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေကြေးပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ **အားကစားရုံများတည်ရှိမှုသည် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့များတွင် အားကစားရုံများ ဆောက်လုပ်ပေးရန် အစီအစဉ်များ ရှိခဲ့ပါကြောင်း၊ ယခုအခါ လိုက်လံစစ်ဆေးလေ့လာချက်များအရ အားကစားကဏ္ဍအလိုက် အားကစားလေ့ကျင့်သူ၊ ကစားသူနှင့်ရည်မှန်းချက်ထား၍ ကြိုးစားလေ့ကျင့်သူ အလွန်နည်းပါးသဖြင့် အားကစားကွင်း၊ အားကစားရုံ ထိန်းသိမ်း**



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

**မှုများ ထိခိုက်လာသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ အားကစားကွင်း၊ အားကစားရုံများတည်ဆောက်ပြီးပါက ဝိုင်းဝန်းထိန်းသိမ်းပေးပါရန် လိုအပ်**ပါကြောင်း။

မင်းတပ်မြို့နယ်သည် ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်သည့်အတွက် မီတာ(၄၀၀) ပြေးလမ်းပါ အားကစားကွင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိုးလုံလေလုံ အားကစားရုံတည်ဆောက်ရန်အတွက်မူဌာနပိုင်မြေမရှိသေးသဖြင့် မြေနေရာညှိနှိုင်းရရှိပါက အလတ်စား မိုးလုံလေလုံ အားကစားရုံတစ်ရုံအား ဦးစားပေးအစီအစဉ်များအရ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမန်းအောင်တင်မြင့်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုကိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ဌာနသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ထိုင်းနိုင်ငံရေဘေးသင့်မှုအတွက် ထိုင်းနိုင်ငံ လွှတ်တော်သို့ အမျိုးသားလွှတ်တော်အနေဖြင့် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သင့်ပါကြောင်း အကြံပြုတင်ပြရာ လွှတ်တော်က သဘောတူသဖြင့် ထိုင်းနိုင်ငံရေဘေးသင့်မှုအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့မည်ဖြစ်ကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ပြီး (၃၄)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ခုနှစ် အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း(၄)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုကို တင်သွင်းခြင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာ(၁)ခုပေးပို့ရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# Myanmar ICT Award 2011
# ပြိုင်ပွဲဝင်များ ရွေးချယ်မည်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကျင်းပမည့် Myanmar ICT Award 2011 ပြိုင်ပွဲအတွက် Educational Project Competition တွင် ဆရာ၊ ဆရာမ အဆင့်ပြိုင်ပွဲဝင် ၅၆ ဦး၊ အထက်တန်းအဆင့် ၁၃ ဦး၊ အလယ်တန်းအဆင့် ၅၆ ဦးနှင့် မူလတန်းအဆင့် ၂၀ စုစုပေါင်း ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ စက်တင်ဘာ ၃၀ ရက်တွင် ဆုရွေးချယ်ရေးအဖွဲ့က ပဏာမအဆင့် စိစစ်ရွေးချယ်ခဲ့ရာ ဆရာအဆင့်ရှစ်ဦး၊ အထက်တန်းအဆင့်လေးဦး၊ အလယ်တန်းအဆင့် ခြောက်ဦးနှင့် မူလတန်းအဆင့် လေးဦးတို့အား စိစစ်ရွေးချယ်ခဲ့သည်။

Project များအား ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အပြီးသတ်စိစစ်ရွေးချယ်မည်ဖြစ်ရာ ပဏာမရွေးချယ်ခြင်းခံရသော ပြိုင်ပွဲဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ လူကိုယ်တိုင် လာရောက်ပြီး Presentation ပြုလုပ်ကြရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကရင်ပြည်နယ် မိုးရာသီ ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘောလုံး ဆပ်ကော်မတီတို့ကြီးမှူး၍ ၂၀၁၁ ခုနှစ် မိုးရာသီ Challenge Cup ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်မှစ၍ ဘားအံမြို့ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မုဒိတာကလပ်အသင်း၊ Tripple Four ကလပ်အသင်း၊ ပစ်တိုင်းထောင် ကလပ်အသင်း၊ မြဒေးကြွယ်လင်းကလပ်အသင်း၊ Ever Green ကလပ်အသင်းနှင့် သံလွင် F.C ကလပ်အသင်း စုစုပေါင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို သုံးသင်းစီ အုပ်စုနှစ်အုပ်စုခွဲ၍ အမှတ်ပေးအုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်မည်ဖြစ်ကာ အနိုင်ရရှိသောအုပ်စု ပထမ၊ ဒုတိယအသင်းများအား အကြိုဗိုလ်လုပွဲအဆင့်သို့ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။အနိုင်ရရှိသောအသင်းနှစ်သင်းအား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်တွင် ဖွင့်ပွဲအခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Espen Barth Eide နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးကန်ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၇

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Espen Barth Eide နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးကန်ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။**

ထိုသို့ တွေ့ဆုံရာတွင် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု ၂၆ ရာခိုင်နှုန်းခန့်တိုးတက် နှစ်စဉ်ဝင်ရောက်လာသည့် ဧည့်သည်များအတွက် အဆင့်မြင့်ဟိုတယ်များ ထပ်မံဖြည့်တင်း

## အမှာစကားပြောကြား

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံသို့ ရန်ကုန်၊ မန္တလေးလေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားဧည့်သည် စုစုပေါင်း(၈)သိန်းခန့် ဝင်ရောက်ခဲ့ရာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ဆန်းပိုင်းတွင် ၂၆ ရာခိုင်နှုန်းခန့် ဆက်လက်တိုးတက်လျက်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ ဧည့်သည် ၁ ဒသမ ၃ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧည့်သည် ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧည့်သည် ၂ ဒသမ ၅ သန်းခန့် အသီးသီး တိုးတက်ဝင်ရောက်ရန် အလားအလာရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပေါင်း ၄၆ မြို့၌ ဟိုတယ်အလုံး ၆၉၁ လုံး၊ အခန်းပေါင်း ၂၇၀၀၀ ကျော်သာရှိသဖြင့် ပြည်တွင်းပြည်ပ ဧည့်သည် အများဆုံးသွားရောက်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေး (တောင်ကြီး)ဒေသများ၌ အဆင့်မြင့်ဟိုတယ်များ ထပ်မံဖြည့်တင်းတည်ဆောက်ရန် ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီတွင်ပါဝင်သော နိုင်ငံခြားသားများ ဝင်ရောက်ရာတွင် ဆက်စပ်တာဝန်ယူရသည့် ဌာနများအနေဖြင့် မိမိဌာနနှင့်သက်ဆိုင်သော လုပ်ငန်းတာဝန်များကို ပေါင်းစပ်၍ လုပ်ကိုင်ပေးနိုင်ရေး နည်းလမ်းများ စဉ်းစားတင်ပြကြရန်နှင့် ပုံမှန်အားဖြင့် လေးလတစ်ကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဌာနအလိုက် တစ်ဦးချင်း လုပ်ငန်းတာဝန်များအပေါ် အကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပသည့် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုအဆင်ပြေလွယ်ကူရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရန် နယ်စပ်ဝင်ပေါက် ၁၅ ခုရှိသည့်အနက် မူဆယ်၊ တာချီလိတ်နှင့် ကော့သောင်းရုံးခွဲများ၌ Online System ဖြင့် ဧည့်သည် ဝင်ရောက်မှု လွယ်ကူရေးနှင့် ပိုမိုမြန်ဆန်စေရေးအတွက် စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကွန်ဖရင့်အစည်းအဝေး၌ အာဆီယံဒေသကြီးကို တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် (CLMV) လေးနိုင်ငံအတွက် အလေ့အကျင့်နှင့် အတွေ့အကြုံကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် လေးနိုင်ငံခရီးစဉ်တစ်ခု (Four Countries One Destination) အဖြစ် စတင်ကျင့်သုံးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများမှ ဝင်ရောက်လာမည့် နိုင်ငံခြားသား ခရီးသည်များအား ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်နှင့် နယ်စပ်ဝင်ပေါက်ဖြစ်သော တာချီလိတ်(ဝမ်ပုံ)တို့တွင် ဆိုက်ရောက်ဗီဇာဖြင့် ပြည်ဝင်ခွင့်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၁၅-၉-၂၀၁၁)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၃၇/၂၀၁၁)အရ ဖွဲ့စည်းခဲ့မှုအပေါ် အဖွဲ့၏ တာဝန်ဝတ္တရား (၁၇)ချက်နှင့် ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ Pass Port ကိစ္စ၊ နိုင်ငံခြားသား၏ ကျန်းမာရေး၊ ငွေကြေး၊ ပစ္စည်းဥစ္စာ၊ FE လဲလှယ်မှု၊ ဆက်သွယ်ရေးအတွက် E- Mail Online စနစ် ဈေးကွက်မြှင့်တင်ရေးတို့ကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်း အဆင့်မြင့်မားရေးအတွက် အဓိကဝင်ပေါက်များတွင် လွယ်ကူလျင်မြန် အဆင်ပြေစေရန် ဆောင်ရွက်စီမံပေးရန်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုအတွက် လိုအပ်ချက်များကို လည်းကောင်း၊ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီဝင်များအနေဖြင့် နိုင်ငံခြားသားဧည့်သည်များဝင်ရောက်မှု ပိုမိုတိုးတက်စေရန်နှင့် ဧည့်သည်များ နေထိုင်သွားလာမှု အဆင်ပြေလွယ်ကူစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကော်မတီ၏ လုပ်ငန်းတာဝန်များအား ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဘီအီးဒီပညာရေးဖောင်ဒေးရှင်း (ရန်ကုန်ပညာရေးတက္ကသိုလ်) ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်ပညာရေးတက္ကသိုလ်၌ တက်ရောက်သင်ကြားနေကြသော မျိုးဆက်သစ် ဘီအီးဒီ ကျောင်းသား၊ ကျောင်းသူများအနက် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများအား ပညာသင်ဆုချီးမြှင့်ရန် ၁၉၆၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ဘီအီးဒီ(စနစ်သစ်)ဘွဲ့ရများ ဖွဲ့စည်းထားသည့် ဘီအီးဒီ ပညာရေးဖောင်ဒေးရှင်း (ရန်ကုန်ပညာရေးတက္ကသိုလ်)၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၁) လသာ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ ထို့နောက် ပညာရေးငွေပဒေသာပင် စိုက်ထူရန် ၁၉၇၄ ခုနှစ် ဘွဲ့ရများ(**အပေါ်ဝဲပုံ**)က ငွေကျပ်သိန်း ၃၀၊ ၁၉၇၃ ခုနှစ် ဘွဲ့ရများက ငွေကျပ်သိန်း ၃၀၊ ၁၉၇၁ ဘွဲ့ရများက ငွေကျပ် ကိုးသိန်းနှင့် ဒေါ်ခင်ခင်ငြိမ်း (68 ဘီအီးဒီ) ငွေကျပ် တစ်သိန်း၊ ဦးရဲမြလွင် (72 ဘီအီးဒီ) ငွေကျပ် တစ်သိန်း၊ ဦးမြကျော် (75 ဘီအီးဒီ) ငွေကျပ် တစ်သိန်း အလှူငွေများ ပေးအပ်ကြသည်။

စက်တင်ဘာ ၃ ရက်က ကျင်းပသော အစည်းအဝေးတွင်လည်း ရုပ်ရှင်သရုပ်ဆောင်များ စုပေါင်းဖွဲ့စည်းထားသည့် မေတ္တာသင်္ဂဟအဖွဲ့နှင့် အနုပညာရှင် မောင်နှမများ၊ စေတနာရှင်အလှူရှင်တို့က စုပေါင်း၍ ငွေကျပ်သိန်း ၂၀ လှူဒါန်းကြသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ်နှင့် (၄၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နှစ်စဉ်ကျင်းပနေကျ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမမှ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၃ ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင်လောကသားများ သွားလာမှုလွယ်ကူစေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကျင်းပမည့်နေရာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ရာ နံနက် ၇ နာရီ အရောက် လာရောက်ကြပါရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးအေးမောင်သန်း [ညွှန်ကြားရေးမှူး(ငြိမ်း)-အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန] -ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်စောလှ၊ သမီး ဒေါက်တာသစ္စာအေးမောင်သန်း၊ သား ဒေါက်တာသိန်းသန်းထိုက်၊ မြေး မေမေတ္တာ(သိန်းသန်းထိုက်မိသားစု)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၅၆၅၀၀၀ နှင့် ဟောင်ကောင်ဒေါ်လာ ၉၆၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)



# စစ်ကိုင်းတိုင်းဒေသကြီး လမ်း/တံတား အသုံးပြုခ ပြင်ဆင်သတ်မှတ်သည့် နှုန်းထားများ ရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လမ်းအသုံးပြုခ ကောက်ခံနှုန်းများ ပြင်ဆင်သတ်မှတ်သည့် နှုန်းထားသစ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ငွေက ယခုသတ်မှတ်ခွင့်ပြုလိုက်သည့် နှုန်းထားသစ်များသည် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြုပြီးဖြစ်ကြောင်း၊ ပြင်ဆင်ပြီး နှုန်းထားများကို အောက်တိုဘာ ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ယခုသတ်မှတ်ပေးသော နှုန်းထားသစ်များအတိုင်း လမ်းဖြတ်သန်းခ၊ တံတားဖြတ်သန်းခ (သာမန်တံတားနှင့် စီမံကိန်းဝင်တံတား)များကို သတ်မှတ်နှုန်းထားများအတိုင်းသာ ကောက်ခံကြရန်၊ ချိုသာယဉ်ကျေးစွာ ဆက်ဆံကြရန်၊ B.O.T စနစ်ဖြင့် တာဝန်ယူထားသော ကုမ္ပဏီများအနေဖြင့် လမ်း/တံတားများ အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်အတွင်း ပြီးစီးရေး စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် လမ်းဖြတ်သန်းအသုံးပြုခ (လေလံဂိတ်)နှင့် တံတားဖြတ်သန်းအသုံးပြုခ (သာမန်နှင့် စီမံကိန်းဝင်တံတားဂိတ်)များအတွက် ပြင်ဆင်ကောက်ခံမည့် နှုန်းထားသစ်များ ရှင်းလင်းခြင်းနှင့် တိုင်းဒေသကြီးအတွင်း B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး B.O.T ကုမ္ပဏီများနှင့် လေလံလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လမ်းအသုံးပြုခ ကောက်ခံနှုန်းများ ပြင်ဆင်သတ်မှတ်သည့် နှုန်းထားသစ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ငွေ ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Ichiro MARUYAMA လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်သံရုံးမှ သံမှူးကြီးတို့ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Ichiro MARUYAMA သည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုအခြေအနေများကို ပိုမိုသိရှိစေရေးအတွက် ဂျပန်နိုင်ငံသံရုံးက ကြီးမှူး၍ Japan Chamber of Commerce, Yangon နှင့် အသင်းချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမက(၁၄) အလယ်တန်းကျောင်းခွဲ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရရှိသော မောင်ဝေယံမင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှိုင် ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာ သင်တန်းအမှတ်စဉ် (၃/၂၀၁၁)ဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာ သင်တန်းအမှတ်စဉ်(၃/၂၀၁၁)ဆင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**



**ဖွင့်လှစ်သင်ကြားခဲ့**

အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ပြိုင်ပွဲဆိုင်ရာကိစ္စများ၌ ခွဲဝေတာဝန်ချထားနိုင်ရေးအတွက် မိမိဝန်ကြီးဌာန အောက်ရှိ အမှုထမ်း/အရာထမ်းများအား အင်္ဂလိပ်ဘာသာစကားနှင့် I. C. T နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားစေခဲ့ရာ ယနေ့အချိန်အထိ သင်တန်းသား ဦးရေ ၇၁ ဦး တက်ရောက် သင်ကြားခဲ့ကြပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမော်သန်းက Basic Financial Instruments Part IV ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း ၅၀(အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# စီမံခန့်ခွဲမှုဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

စီမံခန့်ခွဲမှုဘာသာရပ်ဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ ဦးကျော်ဝင်းက Change (Democratization) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် PS Business School စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ(၃)လွှာ အခန်း(ဒီ) ဖုန်း-၀၁-၅၀၀၅၃၃၊ ၀၁-၅၂၄၄၈၂နှင့် ၀၉-၄၃၁၀၇၁၅၀ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အသင်းပြောင်းရန် ရွေးချယ်ရခက်နေသည့် ဒေးဗစ်ဘက်ခမ်း

**ပါရီ အောက်တိုဘာ ၇**

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားခြင်းမရှိဘဲ အယ်လ်အေတွင် ၎င်း၏ကလေးများနှင့်သာ နေလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပီအက်စ်ဂျီအသင်းက ဘက်ခမ်းအား ပေါင် လေးသန်းဖြင့် ၁၈ လစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခြင်းနှင့် ပတ်သက်၍ ၎င်းက ယင်းသို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

ထို့ပြင် အယ်လ်အေဂလက်ဆီအသင်းကလည်း လာမည့် ဒီဇင်ဘာလတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဘက်ခမ်းနှင့် တစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းထားသည်။ သို့သော် ၎င်းအနေဖြင့် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချရန် ချီတုံချတုံဖြစ်နေသည်။

ဘက်ခမ်းက ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုကို ခံရခြင်းကြောင့် ဝမ်းသာပါကြောင်း၊ ပီအက်စ်ဂျီအသင်း နည်းပြ လီယိုနာဒိုနှင့်လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်ပါကြောင်း၊ သို့သော် ၎င်းသည် ယခုလက်ရှိတွင် အယ်လ်အေ ဂလက်ဆီအသင်းသားတစ်ယောက် ဖြစ်ပါကြောင်း၊ အသင်းတွင် ကစားရသည်ကို ပျော်ရွှင်ပါကြောင်း၊ ၎င်း၏ မိသားစုသည် ၎င်းအတွက် အခရာကျပါကြောင်း၊ ယခုလက်ရှိအချိန်တွင် ၎င်း၏မိသားစုမှာ အယ်လ်အေတွင် ပျော်ရွှင်နေပါကြောင်း၊ ၎င်း၏ကလေးများသည် အယ်လ်အေတွင် ကျောင်းတက်နေကြပါကြောင်း၊ ယခုအချိန်တွင် မေဂျာလိဂ်ပြီးဆုံးချိန်ကိုသာ စောင့်မျှော်လျက်ရှိကြောင်း၊ ထိုအချိန်မှသာ ရွှေ့ရေးအတွက် စဉ်းစားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဘက်ခမ်းအား ပီအက်စ်ဂျီအသင်းအပြင် ကျူပီအာ၊ လစ္စတာစီးတီးနှင့် စပါးအသင်းတို့ကလည်း ကမ်းလှမ်းထား၍ ၎င်းအနေဖြင့် မည်သည့်အသင်းကို ရွေးချယ်မည်ဆိုသည်ကိုသာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ **အင်တာနက်။**

**ဟိန်းထက်**



**အသင်းပြောင်းရန် ရွေးချယ်ရခက်နေသည့် ဒေးဗစ်ဘက်ခမ်း။**

# အင်ဒီမာရေး၊ ရာပေးနာဒယ်လ်၊ မာဒီဖစ်ရှ်နှင့် ဒေးဗစ်ဖာရာတို့ ဂျပန်အိုးပင်း ဆီမီးဖိုင်နယ်သို့တက်ရောက်

**တိုကျို အောက်တိုဘာ ၇**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည့် ATP Rakuten Japan အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးနာဒယ်လ်၊ မာဒီဖစ်ရှ်၊ ဒေးဗစ်ဖာရာနှင့် အင်ဒီမာရေးတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်များတွင် စပိန်နိုင်ငံသား ရာဖေးနာဒယ်လ်က ကိုလံဘီယာနိုင်ငံသား ဆန်တီယာဂို ဂီရယ်ဒိုကို ၇-၆၊ ၆-၃ ဖြင့် လည်းကောင်း၊ အမေရိကန်နိုင်ငံသား မာဒီဖစ်ရှ်က ဩစတြေးလျနိုင်ငံသား ဘားနက်တိုမစ်ကို ၆-၇၊ ၆-၄၊ ၆-၁ ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံသား ဒေးဗစ်ဖာရာက ချက်နိုင်ငံသား ရာဒက်စတီပန်နက်ကို ၆-၂၊ ၇-၆ ဖြင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံသား အင်ဒီမာရေးက အာဂျင်တီးနားနိုင်ငံသား ဒေးဗစ်နယ်ဘန်ဒီယမ်ကို ၆-၄၊ ၇-၅ ဖြင့် လည်းကောင်း အသီးသီးအနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။

**အင်တာနက်။**

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းသိမ်းစောင့်ရှောက်သည့်တာဝန်ထမ်းဆောင်နေ

## မီးသတ်ရေငုတ်များ စွမ်းအားပြည့်အသုံးပြုနိုင်ရန်အတွက် ပြင်ဆင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၀)တို့ တက်ရောက်ကြသည်။**

ပြည်သူ့လွှတ်တော်၌ ဩဂုတ် ၂၉ ရက်က ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသည့် **မြန်မာနိုင်ငံတော်အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း**ကို အောက်တိုဘာ ၅ ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများအနေဖြင့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အကြောင်းအရာ တိကျစွာဖော်ပြ၍ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းဆောင်ရွက်ကြရာ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ မည်သည့်လုပ်ငန်းတာဝန်များ မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန်ကိစ္စများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များက တင်သွင်းလာသည့်အခါ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန်အလို့ငှာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေများကို ညှိနှိုင်းရေးဆွဲခဲ့ကြပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ကမျောကင်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြစ်ကမ်းပါးရေတိုက်စားမှုထိန်းသိမ်းရေး ဆက်လက်ဆောင်ရွက်သွားမည်

## မင်းတပ်မြို့နယ် မီတာ ၄၀၀ ပြေးလမ်းပါအားကစားကွင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၇

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း၏ **"မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ကျိုက္ကော်ကျေးရွာနှင့် သိမ်ဆိပ်ကျေးရွာတို့အားစုစည်းပြီး သင့်တော်သည့်အမည်ဖြင့် မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက ကျိုက္ကော်မြို့၊ သိမ်ဆိပ်မြို့ဟူ၍ တရားဝင်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံတောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတကလိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်အတွင်းရှိသည့် ကျိုက္ကော်ကျေးရွာအုပ်စုနှင့် သိမ်ဆိပ်ကျေးရွာအုပ်စုတို့ကိုစုစည်းပြီး သင့်တော်သည့်မြို့နယ်ခွဲအဖြစ် တည်ဆောက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ ပါအတိုင်း **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**